## TEAMS Parent Self-Serve မိုဘိုင်းဗားရှင်း

Parent Self-Serve အတွက် TEAMS မိုဘိုင်းဗားရှင်းသည် iPhone ၊ iPad ၊ Chromebook သို့မဟုတ် တက်ဘလက် ကဲ့သို့ သင်၏ မိုဘိုင်း ပစ္စည်းအသုံးပြုသောအခါ AISD Parent Cloud မှတဆင့် ရရှိနိုင်သည်။ အကောင့် ဝင်ရန် သို့မဟုတ် ဖန်တီးရန် AISD Parent Cloud login page သို့ သွားပါ။

သင်၏ ကလောက်ဒ်အကောင့်ဖန်တီးရန် အချက်အလက်အတွက် ကျွန်ုပ်တို့၏ parent information site သို့ ကျေးဇူးပြု၍ သွားရောက်ပါ။

Parent Self-Serve မိုဘိုင်းဗားရှင်းကို တိုက်ရိုက်သုံးစွဲရန် Parent Self-Serve site သို့သွားပါ။

၁။ သင်၏ မိုဘိုင်းကိရိယာ (စမတ်ဖုန်း သို့မဟုတ် တက်ဘလက်) မှ AISD Parent Cloud သို့ဝင်ပါ။




Parent Cloud login စာမျက်နှာ၏ မျက်နှာပြင် ရိုက်ချက်

၂။ *Parent Self-Serve -Mobile Grades ၊ Assignments & Attendance* ကိုရွေးချယ်ပါ။




Mobile Grades, Assignments & Attendance တိုင် ပြသထားသော Parent Cloud ဆိုက်၏ မျက်နှာပြင် ရိုက်ချက်

၃။ AISD Parent Cloud သို့ သင်ဝင်ရောက်ခဲ့စဉ်က အသုံးပြုခဲ့သော သင်၏ သုံးစွဲသူ ID နှင့် စကားဝှက်ကို အသုံးပြု၍ Parent Self-Serve သို့ဝင်ရောက်ပါ။***မှတ်ချက်-****အကယ်၍သင်သည် Parent Self-Serve၏မိုဘိုင်းဗားရှင်းမဟုတ်သည်ကို ပို၍နှစ်သက်လျှင် မျက်နှာပြင် အောက်ခြေရှိ 'Go to full site' လင့်ခ်ကို နှိပ်ပါ/ ရွေးချယ်ပါ။*




Parent Self-Serve login စခရင်၏ မျက်နှာပြင် ရိုက်ချက်

၄။ သင်၏ကျောင်းသားများကို ပြသထားသည်။ အဆင့်နှင့်အတန်းတက်ရောက်မှုအား သုံးသပ်ရန် သင်ဆန္ဒရှိသော ကျောင်းသား ကိုနှိပ်ပါ/ ရွေးချယ်ပါ။***မှတ်ချက်-*** *သင်သည်သင်၏ကျောင်းသားအားလုံးကိုမတွေ့လျှင် ၅၁၂-၄၁၄-၉၁၈၇ ရှိ ကျောင်းသား ဝန်ဆောင်မှုရုံးသို့ ကျေးဇူး ပြု၍ ဆက်သွယ်ပါ။*




Parent Self-Serve ဆိုက်ရှိ ကျောင်းသား အချက်အလက် စာရင်း၏ မျက်နှာပြင်ရိုက်ချက်

ကျောင်းသားတစ်ဦးကိုရွေးချယ်ပြီးသည်နှင့် ဖော်ပြပါ ရွေးချယ်ချက်များကိုရရှိနိုင်သည် -

- **အတန်းတက်ရောက်ခြင်း**
- **အဆင့်အကြောင်း အရည်အချင်းစစ်မှတ်တမ်း** (ကျောင်းစာများအလိုက် အဆင့်များကို ရယူနိုင်)
- **ကျောင်း၏ သတင်းပေးစာများ**
- **အသိပေးခြင်းများ**
- **ဆရာထံအီးမေးလ်ပို့ခြင်း**
- **ကျောင်းသားစာရင်း**
- **ပြန်ထွက်ရန်**

ဆန္ဒရှိသောရွေးရန်တစ်ခုကို နှိပ်ပါ/ ရွေးချယ်ပါ။




attendance, grades, campus messages, notifications, student list နှင့် logout (အတန်းတက်ရောက်ခြင်း၊ အဆင့်များ၊ ကျောင်း သတင်းစကား၊ အသိပေးချက်များ၊ ကျောင်းသားစာရင်းနှင့် ပြန်ထွက်ခြင်း) ရွေးချယ်ချက် ပါဝင်သည့် ကျောင်းသားအချက်အလက် ပြည့်စုံစွာဖြည့်စွက်ထားသော မျက်နှာပြင် ရိုက်ချက်

## အတန်းတက်ရောက်ခြင်း

**အတန်းတက်ရောက်ခြင်း** ရွေးချယ်မှုကို ရွေးချယ်ပြီးချိန်မှစ၍ ကျောင်းသား၏ ပျက်ကွက်မှုတိုင်းကို (အစောဆုံးရက်စွဲမှစ၍) အစဉ် အလိုက် ပြသသည်။ အချိန်အလိုက်ပျက်ကွက်ခြင်းနှင့် အကြောင်းပြချက်များကဲ့သို့ ပို၍အသေးစိတ်အရာများကို ကြည့်ရှုရန် ဆန္ဒရှိသော နေ့စွဲ အတန်းကို နှိပ်ပါ/ ရွေးချယ်ပါ။




ကျောင်းသားအတန်းတက်ရောက်သည့် အချက်အလက်ပါသော မျက်နှာပြင် ရိုက်ချက်

**Attendance Detail** မျက်နှာပြင်တွင် ပျက်ကွက်သော အချိန်များအားလုံးနှင့် ပျက်ကွက်သော သင်ခန်းစာများ အပြင် ပျက်ကွက်ရသော အကြောင်းပြချက်များကို စာရင်းပြုထားသည်။ ကျောင်းနောက်ကျသော အချက်အလက်များရှိနေခဲ့လျှင်လည်း ၎င်းကို ဤမျက်နှာပြင်တွင် ပြသမည်ဖြစ်သည်။




ကျောင်းသားအတန်းတက်ရောက်သည့် အချက်အလက်ပါ ပို၍အသေးစိတ်ပါရှိသော မျက်နှာပြင် ရိုက်ချက်

**Report Card** ရွေးချယ်မှုကို ရွေးချယ်ပြီးချိန်မှစ၍ လက်ရှိရေးဆွဲထားသော သင်ခန်းစာများကို ပြသထားသည်။ ပြသထားသော ပျှမ်းမျှသည် <u>လက်ရှိ</u>နေ့စွဲအပေါ် မူတည်၍ အဆင့်ပေးကာလပိုင်းအတွင်း တွက်ထားသော ဆောင်ရွက်ဆဲ ပျှမ်းမျှဖြစ်သည်။ ရက်သတ္တပတ် ခြောက်/ကိုး ပတ်၏ ပျှမ်းမျှများ သို့မဟုတ် ကျောင်းအလုပ်များကဲ့သို့ ပို၍အသေးစိတ်အရာများကို ကြည့်ရှုရန် သင်ခန်းစာအမည်ကို နှိပ်ပါ/ ရွေးချယ်ပါ။




အချိန်ဇယားရေးဆွဲထားသော သင်ခန်းစာများစာရင်းနှင့် ဆက်စပ်သော ကျောင်းသားအဆင့်များ၏ မျက်နှာပြင်ရိုက်ချက်

**Course Grade Detail** သည် အရင် ရက်သတ္တပတ် ခြောက်/ကိုး ပတ်၏ အဆင့်များကို (မီးခိုးရောင်ဖြင့်)ဖြင့်စာရင်းပြပြီး သင်ခန်းစာ၏ လက်ရှိ 'လုပ်ဆောင်ဆဲ' ပျှမ်းမျှကို (အနီရောင်) ဖြင့်စာရင်းသွင်းထားသည်။

ကျောင်းအလုပ်များကို အသေးစိတ်ကြည့်ရှုရန် Assignments ကို နှိပ်ပါ/ ရွေးချယ်ပါ။




ကျောင်းသားအတွက် လက်ရှိလုပ်ဆောင်သော ပျမ်းမျှများအပြင် ယခင်ကြေငြာထားသော အဆင့်များ၏ မျက်နှာပြင် ရိုက်ချက်

## ကျောင်းအလုပ်များ

**သင်ခန်းစာတစ်ခန်းအတွက် Assignments** ရွေးချယ်မှုကို ရွေးချယ်ပြီးချိန်မှစ၍ အဆင့်ပေးကာလပိုင်းအတွက် ကျောင်းအလုပ်များကို ပြသထားသည်။ ရရှိသောအဆင့်၊ အဆင့်ပေးသော စနစ်၊ အမျိုးအစားခွဲထားသော ပျမ်းမျှနှင့် အဆင့်ခွဲခြားခြင်းကိုလည်းပြသထားသည်။ ကျောင်းအလုပ်နှင့်ဆိုင်သောရက်စွဲနှင့် သတ်မှတ်ထားသောရက်စွဲကို ပြန်လည်ကြည့်ရှုရန် Details ကို တို့ပါ/ ရွေးချယ်ပါ။ ***မှတ်ချက် -*** *သင်သည် အချက်အလက်အားလုံးကို မြင်နိုင်ရန် မျက်နှာပြင်အပေါ်အောက်ဆွဲချကြည့်ရှုရန်လိုအပ်သည်။*




သင်ခန်းစာအတွက် ကျောင်းအလုပ်များ စာရင်း၏ မျက်နှာပြင် ရိုက်ချက်

The **Assignment Detail** သည် ရရှိသောအဆင့်၊ ရရှိနိုင်ရန်အမြင့်ဆုံးအမှတ်၊ အဆင့်ခွဲခြားခြင်း နှင့် ကျောင်းအလုပ်တင်သွင်းသော အကြိမ်အရေအတွက်ကို ရေတွက်ပေးလိမ့်မည်။ ၎င်းသည် ကျောင်းအလုပ်သတ်မှတ်ခြင်းနှင့် ပြီးစီးရမည့် ရက်စွဲကိုလည်း ဖော်ပြထားသည်။ ပြီးခဲ့သောမျက်နှာပြင်သို့ ပြန်၍သွားရန် Close ကို နှိပ်ပါ/ ရွေးချယ်ပါ။




အမြင့်ဆုံးတန်ဖိုးနှင့် ကျောင်းအလုပ် ရက်စွဲပါဝင်သည့် ကျောင်းအလုပ် အသေးစိတ် အချက်အလက်များ၏ မျက်နှာပြင် ရိုက်ချက်

***မှတ်ချက် - လက်ရှိတွင်*** *Parent Self-Serve* ***၏ မိုဘိုင်း ဗားရှင်းသည်*** *ကျောင်းအလုပ်မှတ်စုများနှင့် ကျောင်းအလုပ်များကိုပြသထားခြင်း မရှိပါ။ မိဘများသည် ကျောင်းအလုပ်မှတ်စုများနှင့် ကျောင်းအလုပ်များကို ကြည့်ရှုရန် ပြည့်စုံစွာပြသထားသော Parent Self-Serve ဆိုက်သို့ အခါအားလျော်စွာ လာရောက်ကြည့်ရှုရန် အကြံပြုထားသည်။*

## ကျောင်း၏ သတင်းပေးစာများ

**Campus Message** ရွေးချယ်မှုမျက်နှာပြင်သည် မိဘများနှင့် ဆက်သွယ်ရန် ထည့်သွင်းထားသော ကျောင်းသတင်းပေးစာအားလုံးကို ပြသထားလိမ့်မည်။

ပြီးခဲ့သောမျက်နှာပြင်သို့ ပြန်၍သွားရန် ဘယ်ဘက်အပေါ်တွင်ရှိသော Student ကိုနှိပ်ပါ/ ရွေးချယ်ပါ။




ကျောင်း၏ သတင်းပေးစာ မျက်နှာပြင် ရိုက်ချက်

## အသိပေးခြင်းများ

**Notifications** ရွေးချယ်စရာသည် မိဘများအား ၎င်းတို့ကျောင်းသားများ၏ အတန်းတက်ရောက်မှုနှင့် အဆင့်ရရှိမှုအား အီးမေးလ် မှတဆင့် အသိပေးရန် ဆန္ဒရှိသောအခါ ရွေးချယ်နိုင်ရန် ခွင့်ပြုထားသည်။
**မှတ်ချက်**-အသိပေးချက်များရွေးချယ်ခြင်းသည် မိဘအကောင့်နှင့် ချိတ်ဆက်ထားသော ကျောင်းသားအားလုံးသို့ အကျိုးသက်ရောက်မှုရှိပြီး လက်ရှိတွင် ကျောင်းသားတစ်ဦးချင်းဆီကို ရွေးချယ်နိုင်ခြင်းမရှိပါ။

*အတန်းတက်ရောက်မှု* - ရေဒီယိုခလုတ်ကိုနှိပ်ခြင်းဖြင့် ဆန္ဒရှိသော တက်ရောက်မှုကို ရွေးချယ်ပါ။

*အဆင့်* - ဆန္ဒရှိသော အသိပေးချက် အမျိုးအစား (များ) နှင့် နှစ်သက်သော အနိမ့်ဆုံးအကန့်အသတ်ကိုရွေးချယ်ပါ။ ဥပမာ - အဆင့်ပေးကာလ ပျှမ်းမျှ ၈၀ အောက်နိမ့်သောအခါ အသိပေးရန် ဆန္ဒရှိလျှင် '၈၀' နိမ့်ရန်ပြောင်းလဲပြီး 'Below' ခလုတ်ကို နှိပ်ပါ/ ရွေးချယ်ပါ။
*သင်၏အကောင့်အတွက် လက်ရှိအသုံးပြုသောဖုန်းနံပါတ်နှင့် အီးမေးလ်စာရင်းသွင်းခံရခြင်း သေချာစေရန် သင်သည် Go to full site လင့်ခ်ကို နှိပ်ပါ/ ရွေးချယ်ပါ။ Edit Contact Info ဇယားတွင် သင်၏ဆက်သွယ်ရန် အချက်အလက်ကို ဖြည့်စွက်ပြင်ဆင်နိုင်သည်။*

## ဆရာထံ အီးမေးလ်ပို့ခြင်း

**Email Teacher** ရွေးချယ်မှုသည် ကျောင်းသားအတွက် ဆရာတစ်ဦးချင်းကို အီးမေးလ်ပို့ရန် မိဘ/ အုပ်ထိန်းသူများကို ခွင့်ပြုထားသည်။
၁။ ဆရာအမည် အကွက်ကို နှိပ်ပါ/ ရွေးချယ်ပါ။ ဆရာ/ ဘာသာရပ် အမည်များကိုပြသထားလိမ့်မည်။




Email Teacher ရွေးချယ်မှုရှိ ဆရာစာရင်း၏ မျက်နှာပြင် ရိုက်ချက်

၂။ အီးမေးလ်ပို့ရန် ဆရာအမည်ရွေးချယ်ပါ။




ဆရာထံအီးမေးလ်ပို့ရန် မျက်နှာပြင် ရိုက်ချက်

၃။ ဆရာထံပေးပို့ရန် စာရေးပါ။

၄။ ‘Send Email’ ခလုတ်ကို နှိပ်ပါ/ ရွေးချယ်ပါ။